နန့်ပါဟုတ်ကျေးရွာ

ဖားကန့်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

(၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နန့်ပါဟုတ်ကျေးရွာ၊ ဖားကန့်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ဧန်နဝါရီလ

မာတိကာ

မာတိကာ

စကားချီး

နန့်စပိန်းကျေးရွာအရင်းအမြစ်ပြ မြေပုံ၊ဖားကန့်မြို့နယ်

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

၁။နိ-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က)ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ)စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ)သဘာဝအရင်းအမြစ်များ

၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

(ခ)စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှု

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

(ဃ)ကျန်းမာရေးနှင့်အာဟာရ

(င)ကျားမဆိုင်ရာဆက်နွယ်မှု

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ)စိုက်ပျိုး မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ)ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ)လူငယ်နှင့်ယဉ်ကျေးမှု

(ဇ)အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

၅။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က)ဖွံ့ဖြိုးရေးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ)အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစိအစဉ်ကျသောချိတ်ဆက်မှုများ

၈။ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်မည့်အချိန်ကာလ

(က)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ)ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

(ဂ)ဦးစားပေးစီမံချက်များ

(ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ

၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်မှုများ

၁၀။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ)ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

၁၁။စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က)ကြီးကြပ်စစ်ဆေးခြင်း

(ခ)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ)နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ

(၁)လူမှုစီးပွားရေးအခြေအနေ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၄) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၆) ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား(၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂)ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၁၀)　ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၁)　ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂)　ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား(၁၃)　ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဇရုယာ

ဇယား(၁၄)　အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅)　ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား(၁၆)　သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား(၁၇)　သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၈)　မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၁၉)　မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား(၂၀)　မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၁)　စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ

ဇယား(၂၂)　စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၃)　ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၂၄) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့်သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

ဇယား(၂၇) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ပညာပြီးစီးမှုနှုန်း

ဇယား(၂၈) ကျောင်းအပ်နှုန်း

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၁) အဖြစ်များသောရောဂါများ

ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား(၃၃) သောက်သုံးရေရရှိမှု

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ

ဇယား(၃၅) ကျေးရွာ၏လမ်း၊တံတားတည်ရှိမှုအခြေအနေ

ဇယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၃၈) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၃၉)　ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

ဇယား(၄၀)　ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးခြေအနေ

ဇယား(၄၁)　ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု

ဇယား(၄၂)　မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ(၂)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှား ရမည့်စိန်ခေါ်မှုများ

ဇယား(၄၃)　ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ဇယား(၄၄)　ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃)　ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)

ဇယား(၄၅)

ကိုးကားစာရင်း

အပိုင်း(ခ)　စီမံချက်ဆိုင်ရာအချက်အလက်

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

အတိုကောက်စာလုံးများ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ခုနှစ် မှ ၂၀၂၂ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက် သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့သဖြင့် ထိရောက်မှု အားနည်းခဲ့ကြသည်။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်ဝန်ထမ်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းကဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထံမံလိုသော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍


နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နန့်ပါဟုတ်ကျေးရွာ၊ ဖားကန့်မြို့နယ်

ကုန်းပါယ်ဝင်ကျေးရွာ ဘေးကင်းတာဖြစ် ဖြေရှင်း

အားကစားကွင်းနေရာ ၊ တောင်ပါးကျေးရွာအစွန်ဘက် ၊ ကုန်းပါးကုန်းကျေးရွာ



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁)နိဒါန်း (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ကို ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံ အချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှု များအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ ထိကျသောလိုအပ်ချက် များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည့်သူအရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေး ဘဏ်၊) နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန် စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများ ထံရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ

ယင်းကဲ့သို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲ ထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဖားကန့်-တာမခံ-ဟောင်ပါးလမ်းနှင့်(၁)မိုင်အကွာအဝေးတွင်တည်ရှိပြီး ဖားကန့်မြို့နှင့် (၄၅)မိုင် အကွာရှိပါသည်။ ကသိုဏ်းတောင်ခြေ ဥရုချောင်းဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရ ခက်ခဲ၍ ပွင့်လင်းရာသီတွင်သာ သွားလာရေး လွယ်ကူပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပြီး အအေးပိုင်းဒေသဖြစ်ပြီး မိုးရေချိန်အသင့်အတင့်များပြီး ရာသီဥတုမှာ အမြဲအေးချမ်းသာယာမှုရှိပါသည်။ ဒေသ၏ တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မမှာ ( )ဝန်းကျင်တည်ရှိပါသည်။ကျေးရွာသည် တောင်တန်းများ အောက်ခြေတည်ရှိပြီး ဥရုချောင်းနှင့် နန့်စပိန်းချောင်းများတည်ရှိပါသည်။ကျေးရွာတွင် အဓိကသက်မွေးလုပ်ငန်းများမှာ ဝက်၊ကြက်မွေးမြူခြင်း ၊ဥယျာဉ်ခြံနှင့်တောင်ယာစိုက်ပျိုးခြင်း၊ ကျောက်စိမ်းရှာခြင်းနှင့်ရွှေကျင်ခြင်းများ လုပ်ကိုင်ကြပါသည်။ မိုးများပြီး ဥရုချောင်းရေကြီးသဖြင့် ကျေးရွာ ချောင်းကမ်းပါးပြိုကျခဲ့၍ ချောင်းကမ်းပါးရေထိန်းနံရံပြုလုပ်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ချောင်းဘေး သဘာဝနှုံးများဖြင့် ရာသီလိုက်သီးနှံများ စိုက်ပျိုးရန် မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ ဖားကန်မြို့နယ်တွင် အဓိက နာမည်ကျော်သည့် ကျောက်စိမ်းမှာလည်း ကျေးရွာအနီးရှိ တာမခံ၊ ဟောင်ပါးကျေးရွာများတွင် ထွက်ရှိပြီး ဥရုချောင်းမှ ရွှေနှင့် ကျောက်စိမ်း အနည်းငယ် ထွက်ရှိ ပါသည်။ကျေးရွာ၏ စိုက်ပျိုးဧရိယာမှာ (၁၇၀.၅၀)ဧကာ ခန့်သာ ရှိပါသည်။ မြေအောက်ရေ အသုံးပြုမှု နည်းပါးပြီး ချောင်းရေ၊ စိမ့်စမ်းရေများသာ အဓိက စိုက်ပျိုး ရေအဖြစ် အသုံးပြုကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၆၈)စုနှင့် ကျား (၂၂၆)ဦး၊ မ(၂၄၆)ဦးဖြင့် လူဦးရေပေါင်း (၄၇၂)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးနှင့်ညီမျှသည်။ ကျေးရွာတွင် အများအားဖြင့် ချင်၊ ဗမာ၊ ရှမ်း၊ စသည့်တိုင်းရင်းသားလူမျိုးစုများနေထိုင်ကြပြီး ရခိုင်၊ ပအို့ပ်လူမျိုး အနည်းငယ်လည်း နေထိုင်ပါသည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၉.၆၃%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို သက်မွေး ဝမ်းကျောင်းအတတ်ပညာများ လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေ သည် အမျိုးသားဦးရေထက် အနည်းငယ်များပြားပါသည်။

(ခ) စီးပွားရေးအခြေအနေ– ဝင်ငွေ၊ဝိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် ကျေးရွာထုတ်ကုန်ဖြစ်သော အရက်ချက်လုပ်ငန်းဖြစ်ပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၃၀%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး (၂၀%)သည် ချမ်းသာသည့်အဆင့်၊ (၅၀%)သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာ၏ လိုင်စင်ရအရက်ချက်ပြီး ထုတ်လာသည့် အရက်ဖတ်(ကဇော်)အား ဝက်မွေးမြူရေးတွင် ဝက်စာအဖြစ် ကျွေးမွေးနိုင်ပြီး ဝက်မွေးမြူရေးလုပ်ငန်း အောင်မြင်ပြီး ကျေးရွာစီးပွားရေးအခြေအနေမှာ အနီးအနားရှိ ကျေးရွာများထက် အသင့်အတင့် ကောင်းသည်ဟုဆိုနိုင်ပါသည်။ ချမ်းသာသောအိမ်ထောင်စုနှင့် အလယ်အလတ်အိမ်ထောင်စုများသည် အများအားဖြင့် လိုင်စင်ရ ခွင့်ပြုသည့် အရက်ချက်လုပ်ငန်း နှင့်

ဝက်မွေးမြူခြင်း လုပ်ငန်းအား လုပ်ကိုင်ကြပါသည်။ အချို့ချမ်းသာသော အိမ်ထောင်စုများသည် ကျောက်စိမ်းရောင်း/ဝယ်ခြင်း၊ ကုန်စုံဆိုင်ရောင်း/ဝယ်ခြင်း၊ စားသောက်ဆိုင်၊ ရွှေကျင်းပိုင်ရှင်များ၊ ငွေတိုးချေးပေးခြင်းလုပ်ငန်းများလုပ်ကိုင်ပြီး ငွေကြေးအသင့်အတင့် အဆင်ပြေကြသည်။

ဆင်းရဲအဆင့် အိမ်ထောင်စုများ ကျေးရွာတွင် အလယ်အလတ်များပြားပြီး ရေမဆေးကျောက်စိမ်းရှာခြင်း၊ နေ့စား အလုပ်သမားများ၊ တောင်ယာခင်း စိုက်ပျိုးသူများ၊ပါဝင်ကြသည်။ကျေးရွာ၏ အရက်ချက်ထုတ်ကုန်အား မိမိကျေးရွာအနီးပတ်လည်သာ ရောင်းချရသဖြင့် အရက်ချက်သည့် ဆင်းရဲအိမ်ထောင်စုများသည် ထုတ်ကုန်များ ရောင်းအားလျော့နည်း၍ ဝင်ငွေများ နည်းပါးကြပါသည်။ အဆိုပါ အရက်ချက်ထုတ်ကုန်အား ဝယ်ယူဖြန့်ဖြူးရောင်းချခွင့်ရရှိပါက ကျေးရွာ၏ စီးပွားရေး တိုးတက်ကောင်းမွန်လာနိုင်ပါသည်။ ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ငန်းအား တစ်ရွာနီးပါး မွေးမြူကြပြီး ဝက်မွေးမြူရေး လုပ်ငန်းအသင့်အတင့်အဆင်ပြေသော်လည်း ဝက်သားဒိုင်များမှ အသားဈေးအား ဈေးနိမ့်ဝယ်ယူကြသဖြင့် ဝက်မွေးသူများမှာ အမြတ်ရငွေ နည်းပါးမှုရှိပါသည်။ ဆင်းရဲအဆင့် အိမ်ထောင်စုများတွင် အလွန်ဆင်းရဲသည့် အိမ်ထောင်စုမှာ အနည်းငယ်သာရှိပြီး ကျောက်ရေမဆေးရှာခြင်း၊ ရွှေကျင်းလုပ်ငန်း နေ့စားဝင်ခြင်း၊ တောင်ယာလုပ်ကိုင်ခြင်း၊ စားသောက်ဆိုင်များတွင်လုပ်ကိုင်ခြင်း၊ တနိုင်တပိုင် မွေးမြူရေးလုပ်ကိုင်ခြင်း၊ အရက်ချက်လုပ်ကိုင် ခြင်းလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေနိုင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သောအိမ်ထောင်စု ၅၁စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၆%မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၂၂%မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ သုံလခန့်စားသုံးနိုင်ကြောင်း၊ ၄၃%မှာ ၃လမှ၅လခန့်၊ ၃၀%မှာ ၆လမှ၁၂ခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၁၀၀၀၀/-)ကျပ်မှ (၅၀၀၀၀၀၀/-)ကျပ်ထိ တင်ရှိနေကြသည်။ အိမထောင်စုအားလုံး၏ (၁၀%)ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကြသည်။ မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၁)စုသည် ဆင်းရဲသည့် ထိခုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။မိသားစုစောင့် ရှောက်မှုမရှိ၊ ဆင်းရဲသည့် အသက်ကြီးရွယ်အဘိုးအို တစ်ယောက် ကျေးရွာမှ စောင့်ရှောက်မှု လိုအပ်ပါသည်။

အခြားထိခိုက်လွယ်သောသူများမှာ ကျေးရွာပြင်ပသို့ ဝင်ငွေရရှိရေးအတွက် မှော်နယ်မြေများသို့ သွားရောက်ရေမဆေး ကျောက်စိမ်းရှာကြသည့် လူငယ်လူရွယ်အမျိုးသားများသည် လိပ်မှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများ အရက်နှင့်မူးယစ်ဆေးဝါး သုံးစွဲမှု အန္တရာယ်တို့ ရှိတတ်ကြသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ကျေးရွာသားအများစုသည်သာမာန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝစွာ ရှိကြသည်။ ကလေးငယ်အများစုသည် ကျန်းမာသန်စွမ်းကြသည်။ ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးလွန်တုတ်ကွေး၊ ငှက်ဖျား၊ဆီးချို၊သွေးတိုးနှင့် သာမာန်ဖားနာမှုများ ဖြစ်ပွားမှုရှိကြောင်းတွေ့ရှိရသည်။

အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့လည်း တစ်ကိုယ်ရည်သန့်ရှင်းရေး ကျန်းမာရေးအသိအမြင်များ ယခုနှစ်ပိုင်းတွင် ပိုမို သိရှိလာကြသည်။ ကျေးရွာသူ/သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအား ကျေးရွာနှင့် (၁)မိုင်အကွာအဝေးရှိ တာမခံတိုက်နယ်ဆေးရုံးမှ ရရှိပါသည်။

ကျေးရွာလုံးအတွက် အဓိက သောက်သုံးရေအဖြစ် ကျေးရွာအနီးရှိ စိမ့်စမ်းရေမှ ရွာအားဖြင့်ဆောင်ရွက်ထားသည့် ရေပိုက်သွယ်တန်း ရရှိအသုံးပြုကြပါသည်။ ငွေကြေးတတ်နိုင်သူများမှာ သန့်ရှင်းသောသောက်ရေအတွက် ကျေးရွာအရောက်ပို့ပေးသည့် ရေသန့်ဗူးကြီးများဖြင့် ရရှိ သောက်သုံးကြပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလယ်အလတ်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာသားအများစုသည် အခြေခံရေး၊ဖတ်တတ်ကြပြီး ဘွဲ့ရအရေအတွက်မှာ ကျေးရွာလူဦးရေ၏(၂၃%)ခန့်ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာရှိမူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ပြီး အလယ်တန်း၊အထက်တန်းကျောင်းတို့အား ကျေးရွာအနီးရှိ တာမခံကျေးရွာအထက်တန်းကျောင်းသို့ သွားရောက်သင်ကြားကြရသည်။ ကျေးရွာ၏အဓိက ကျွမ်းကျင်သည့် သက်မွေးမှုလုပ်ငန်းမှာ အရက်ချက်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ပါသည်။သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျနေပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်သည်။

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား/မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံ ခြင်းကိစ္စကြီးကြီးမားမားမရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးလူဦးရေသည် အမျိုးသားလူဦးရေထက် ၃ပုံ၁ပုံခန့်လျော့နည်ပါသည်။ ကျေးရွာတွင် သာမာန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် ကျား/မအခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊အလယ်တန်းဦ၊အထန်တန်းအဆင့်များတွင် အမျိုးသမီးအရေအတွက်နှင့်အမျိုးသားအရေအတွက်မှာ တူညီမှုရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာအမျိုးသားများနှင့်အတူတူပင် ဖြစ်သည်။ သို့သော် ကျေးရွာတွင်နေ့စားလုပ်အားခငွေမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်မှု မတူညီ၍ အမျိုးသမီးများသည် အမျိုးသားများထက် လုပအား လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့(၃)ဖွဲ့၊ ငွေကြေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့(၂)ဖွဲ့၊ပညာရေးဆိုင်ရာအဖွဲ့(၁)နှင့် လူငယ်ဆိုင်ရာ အဖွဲ့(၁)တို့ရှိပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်း၏ ဆိုင်ရာ သဘောတရားတို့နှင့် ပါတ်သက်၍အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်နိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။ ကျေးရွာတွင် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ မရှိပါကြောင်းတွေ့ရသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် လယ်ယာစပါးများ စိုက်ပျိုးနိုင်ကြခြင်းမရှိပါ။ တောင်ယာခင်းများနှင့် ဥယျာဉ်ခြံများသာ လုပ်ကိုင်ကြပါသည်။ ရာသီလိုက်သီးနှံများ စိုက်ပျိုးကြသော်လည်း တစ်ပိုင်တစ်နိုင် မိသားစုစားရေးအတွက်သာ စိုက်ပျိုးနိုင်ကြပြီး ရောင်းချနိုင်အောင် မစိုက်ပျိုးကြပါ။

ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ငန်းအား တစ်ရွာလုံးနည်းပါး ဒေသဖြစ်ဝက်မျိုး မွေးမြူကြသည်။ ဒေသကြက်၊နှင့် ဘဲမွေးသည့် အိမ်ထောင်စုများသည် စီးပွားဖြစ်မွေးမြူနိုင်ခြင်းမရှိကြပါ။ တစ်အိမ်ထောင်စုအလိုက် တစ်ပိုင်တစ်နိုင်စားရေးသောက်ရေးအတွက် သာမွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ဖျားနာခြင်းရောဂါ၊ကြက်နာကျရောဂါနှင့် အအေးဒဏ်ကြောင့်ဖြစ်တတ်သည့်ရောဂါများ ဖြစ်ပွားတတ်သည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု၊ နည်းပညာများကို မြို့နယ်မွေး/ကုဋ္ဌီးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းတိုးချဲ့စီးပွားဖြစ်မမွေးနိုင်ခြင်းမှာ မွေးမြူရေးလုပ်ငန်းသည် အမြတ်များများမရရှိခြင်း၊ ဆုံးရှုံးမှုရှိခြင်း၊ အစားရှာခက်ခဲခြင်း၊မွေးမြူရေးအလုပ်သမားရရှိရန်ခက်ခဲခြင်း၊ စနစ်တကျမထိန်းသိမ်းနိုင်ပါကစိုက်ပျိုးရေးလုပ်ငန်းအတွက် အနှောက်အယှက် ဖြစ်စေခြင်း၊ မွေးမြူရေးဆိုင်ရာနည်းပညာအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အဓိက ထွက်ကုန်လုပ်ငန်းမှာ လိုင်စင်ရ အရက်ချက်လုပ်ငန်း လုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ လက်လုပ်လုပ်စားကျပန်း၊ ဈေးရောင်း၊ လက်သမား၊ ဆိုင်ကယ်ပြုပြင်ရေး၊ ရွှေနှင့်ကျောက်စိမ်းရေမဆေး ကျောက်စိမ်းရှာလုပ်ငန်း၊ အခြားသက်မွေးလုပ်ငန်း တို့ဖြစ်ကြသည်။ အလုပ်အကိုင်အတည်တကျမရှိခြင်းမှာ အတတ်ပညာတတ်ကျွမ်းမှုအားနည်းခြင်း၊ စိတ်ဝင်စားမှုနည်းပါးခြင်း၊ ငွေကြေးအရင်းအနှီးမရှိခြင်း၊ ပုံမှန်ဝင်ငွေရအလုပ်များမရှိခြင်းတို့ကြောင့် ဖြစ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ်လူဦးရေ များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ တာမခံနှင့် ဟောင်ပါးကျေးရွာများပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော

လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြုပြင်၊ မိတ်ကပ် အလှပြုပြင်၊ မော်တော်ဆိုင်ကယ်ပြုပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ဝပ်လျှော့၊ကျောက်ဖြတ်ခုံစသည့် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာ အရည်အချင်းပိုင်း တွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန် မတတ်နိုင်ကြပါ။ အချို့ငွေကြေးတတ်နိုင်သော အိမ်ထောင်စုများသည် သင်ကြားတတ်ကျွမ်းထား သည့် သက်မွေးပညာရပ်ဖြင့် ကျေးရွာတွင်လုပ်ကိုင်ရာတွင် တွက်ချက်ကိုက်မှုမရှိသဖြင့် မြို့ပေါ်တွင်သာ သွားရောက်ထူထောင်လုပ်ကိုင်ကြသည်။ကျေးရွာ၏ အရက်ချက်လုပ်ငန်းအား ကုန်ထုတ်လုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်လိုင်စင်ရရှိပါက ကျေးရွာ၏စီးပွားရေး ဝင်ငွေရရှိမှု မြင့်မားလာနိုင်ပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် သီးနှံစိုက်ခင်းများတွင် မြေဆီမကောင်းသဖြင့် အထွက်နှုန်းတိုးစေရန် ဓါတ်မြေဩဇာများ၊ ထည့်သွင်းသုံးစွဲမှု များပြားမှုကြောင့် မြေဆီလွှာ အရည်အသွေးပိုမို ကျဆင်းလာနိုင်သည်။ စိုက်ခင်းတောင်သူများအနေဖြင့် သဘာဝအော်ဂဲနစ် မြေဩဇာများ စနစ်တကျသုံးစွဲမှုမရှိခြင်း၊နည်းပညာများမသိခြင်း တို့ကြောင့် ဓါတ်မြေဩဇာများကိုသာ အသုံးပြုမှု များပြားသည်။ ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများသာ သုံးစွဲမှုများပြားသည်။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင် တစ်ရွာလုံးသတ်မှတ်ထားသည့် စွန့်ပစ်နေရာများတွင် စနစ်တကျစွန့်ပစ်ကြသော်လည်း ပလာစတစ်များ၊ဗူးခွံပုလင်းခွံများအား စည်းကမ်းမဲ့ စွန့်ပစ်မှု အနည်းငယ်ရှိတတ်သည်။

ကျေးရွာ၏ ပတ်လည်တွင် ရွှေတူးဖော်ခြင်းလုပ်ငန်းများ၊ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်သည် သစ်တောသယံဇာတများ ပြုန်းတီးမှု မြင့်မားလာပါသည်။ ရွှေတူးဖော်ခြင်းကြောင့် ကျေးရွာအနီးရှိ ဥရုချောင်း ရေမှာ လူနှင့်တိရိစ္ဆာန်များ သောက်သုံးရန်မရနိုင်ပြီး စိုက်ပျိုးရေအဖြစ် အသုံးပြုရန် မရရှိနိုင်ပါ။ မြေစာများ ချောင်းထဲ စီးဝင်သဖြင့် ရေကြီးလျှင် ရေကြီးရေလျှံမှုအားကြောင့် ချောင်းကမ်းပါးများ ပြိုကျမှု ရှိပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်တွင် 'မြစိမ်းရောင်ကျေးရွာစီမံကိန်း'ရန်ပုံငွေကျပ်သိန်း(၃၀၀)ထောက်ပံ့ပေးခဲ့ပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီအား အဖွဲ့ဝင်(၇)ယောက်ဖြင့် ဖွဲ့စည်းပေးပြီး ရန်ပုံငွေအား ကြီးကြပ်ဆောင်ရွက်စေခဲ့ပါသည်။ မြစိမ်းရောင်ရန်ပုံငွေချေးငွေကာလမှာ (၁)နှစ်ဖြစ်ပြီး အတိုးနှုန်းမှာ(၁ကျပ်ခွဲ)ဖြင့် (၆)လတစ်ကြိမ် အတိုးပြန်လည်ပေးဆပ်ရပါသည်။ ရန်ပုံငွေအားချေးယူလိုလျှင် ချေးငွေလျှောက်လွှာများဖြည့်စွက်ပြီး အာမခံနှစ်ဦးဖြင့် ချေးယူလျှောက်ထားနိုင်သည်။ ကျေးရွာကော်မတီမှအတည်ပြုပေးပြီး မြို့နယ်ကော်မတီသို့စိတ်သဘောထားမှတ်ချက်ပေးနိုင်ရန် တင်ပြအတည်ပြုခံယူပြီး ချေးယူနိုင်ပါသည်။ ကျေးရွာတွင်လယ်ယာလုပ်ငန်းများ မရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေမရရှိသေးပါ။ သမဝါယမအသင်းကိုလည်းဖွဲ့စည်းပေးခြင်း မရှိသေးပါ။ ကျေးရွာရှိ ငွေကြေးချမ်းသာတတ်နိုင်သည့်သူများထံမှ တစ်လအတိုးနှုန်း၅%မှ၁၅%ကြားဖြင့်လည်းကောင်း၊ မိတ်ဆွေ၊မိသားစုများထံမှ တစ်လ အတိုးနှုန်း၃ %မှ၁၀%ထိလည်းကောင်း ချေးယူနိုင်ကြသေးပါသည်။ အမိန့်ရအပေါင်ဆိုင်များတွင်ပစ္စည်းပေါ်မူတည်၍ အတိုးနှုန်းအမျိုးမျိုးဖြင့် ချေးယူကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (လုပ်ငန်းများ၊ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)တို့အတွက် ချေးယူကြပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေး ငွေမှာ တစ်သောင်းကျပ်မှ သိန်းငါးဆယ်ကျပ်အထက်ထိချေးယူထားကြောင်းတွေ့ရှိရသည်။ ထိုအိမ်ထောင်စု၏ ၇၅%သည် အကြွေးငွေတစ်ဆယ်သိန်း ကျပ်အောက် ချေးယူ ထားပြီး ၂၅%သည် တစ်ဆယ်သိန်းအထက်ချေးယူထားကြောင်း တွေ့ရှိရပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်း နှစ်ကျောင်းရှိပြီး ရွာလယ်မူလတန်းကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာမှာ (၅၀'×၂၀') ၁၀၀၀'စတုရန်းပေရှိပြီး မှော်လုံရပ်ကွက်ရှိ မူလတန်းကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာမှာ (၁၅၀'×၃၀') ၄၅၀၀'စတုရန်းပေရှိပါသည်။ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၅%မှာ ဘုန်းကြီးကျောင်းပညာရေးကို

ရရှိထားကြသည်။ မူလတန်းအောင်ရခိုင်နှုန်းသည် ရခိုင်နှုန်းပြည့်အောင်မြင် သည်။ ယခုနှစ် ကျောင်းအပ်နှံသည့် ကျောင်းသားဦးရေမှာ ကျား-၄၀၊မ-၃၈ စုစုပေါင်း-၇၈ဦးဖြစ်ပြီး ကျေးရွာရှိ မူလတန်းအရွယ်ကလေးအားလုံးကျောင်းအပ်နှံ ကြသည်။ ကျောင်းတွင် ရွာလယ်မူလတန်းပြဆရာမအစိုးရခန့်(၅)ဦးနှင့်ကျေးရွာခန့်(၁)ဦးစုစုပေါင်း-(၆)ဦးရှိပြီး မှော်လုံရပ်ကွက်ရွာလယ်မူလတန်းပြဆရာ/မ အစိုးရခန့်(၆)ဦးနှင့် ကျေးရွာခန့်(၁)ဦးစုစုပေါင်း-(၇)ဦးရှိပါသည်။ တပည့်ဆရာအချိုးသည် ဆရာမတစ်ဦးလျှင်ကျောင်းသား-၁၇ဦးရှိသဖြင့် ဆရာ၊မအင်အား လုံလောက်မှုရှိ သည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းအတွက် ပြဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကိုအခမဲ့ပံ့ပိုးပေးခဲ့သည်။ ကျောင်းတွင် ပရိဘောဂများ၊ ကျောင်းသုံးပစ္စည်းများ၊ သင်ကြားမှုသင်ထောက်ကူပစ္စည်းများ အသင့်အတင့်လုံလောက်မှုရှိသည်။ ကျေးရွာရှိ အလယ်တန်းနှင့်အထက်တန်း ကျောင်းအဆင့် ကျောင်းသားများသည် တာမခံကျေးရွာရှိ အ.လ.ကနှင့်အ.ထ.ကကျောင်းများသို့ သွားရောက် ပညာသင်ကြားကြသည်။ ကျေးရွာရှိ ငွေကြေးတတ်နိုင်သည့် အိမ်ထောင်စုအချို့၏ကျောင်းသားများသာ မြို့ပေါ်ရှိ ဘော်ဒါဆောင်များသို့ထားနိုင်ကြသော်လည်း ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများ၏ ကျောင်းသားကလေးများသည် ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ ခြေလျင်ဖြင့်သော်လည်းကောင်း ကျေးရွာမှ(၀.၅)မိုင်ခန့်ရှိ တာမခံကျေးရွာသို့ သွားရောက်သင်ကြားကြရပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိသေးပါ။ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုတို့ရရှိရေးအတွက် တာမခံကျေးရွာရှိ တိုက်နယ်ဆေးရုံနှင့်ဆေးခန်းတို့သွားရောက် ကုသရပါသည်။ဆိပ်မူကျေးရွာအုပ်စုကျေးလက်ကျန်းမာရေးဆေးခန်းမှ လစဉ် ကျေးရွာသား များအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကာကွယ်ဆေးများပုံမှန်ထိုးပေးခြင်း၊ကျန်းမာရေးဝန်ဆောင်မှုများ လာရောက်ဆောင်ရွက်ပေးပါသည်။ သို့သော် ကျေးရွာတွင် အရေးပေါ် ထိခိုက်မိခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အပြင်းအထန် ဖျားနာခြင်းတို့ဖြစ်လျှင် အလျှင်အမြန် ဆေးဝါးကုသမှုခံယူရန် ကျေးလက် ကျန်းမာရေးဆေးပေးခန်းမရှိခြင်းကြောင့် ဆေးခန်း၊ ဆေးရုံကြီးများသို့ သွားရန် ကျေးရွာ၏လူမှုကူညီရေးမော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးမှုရှိပါသည်။

ကျေးရွာတွင် သောက်ရေသုံးရေအတွက် ကျေးရွာအနီးရှိ စိမ့်စိမ်းရေချောင်းများမှ ရေပိုက်သွယ်ယူသုံးစွဲကြပြီး အိမ်ထောင်စုအချို့မှာ လက်တူးတွင်းမှ ရေရယူသုံးစွဲမှုရှိပြီး သာမာန်အားဖြင့် လုံလောက်မှုရှိသည်။ နွေရာသီပိုင်းတွင် စိမ့်စမ်းရေထွက်လျော့နည်းလာသဖြင့် သောက်သုံးရေ မလုံလောက်မှု အနည်းငယ် ရှိသည်။ ချမ်းသာသော အိမ်ထောင်စုအနည်းငယ်မှာ အိမ်သာကျင်းကို

အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး အလယ်အလတ်နှင့်ဆင်းရဲသောအိမ်ထောင်စုများမှာ မြေကျင်းတူးအဖုံးဖုံးပြီး သွပ်မိုးပျဉ်ထောင်၊ ဝါးထရံထောင်ယင်လုံအိမ်သာများ သုံးစွဲကြသည်။ တစ်ရွာလုံး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးကြသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ်ထားရှိပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာလူငယ်များအတွက် ကျန်းမာရေးအားကစားလုပ်ရန် ကျေးရွာပိုင်ဘောလုံးကွင်းနှင့် ပိုက်ကျော်ခြင်ကွင်းတို့ရှိသည်။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် သီးသန့်နေရာမရှိပါ။ လူငယ်များသည် ကျေးရွာ၏လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးပွဲတော်များ၊နှင့်ရိုးရာဓလေ့ပွဲတော်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ လူငယ်များမူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်လာစေရန် နှစ်စဉ် ဘောလုံးပွဲများ၊ပိုက်ကျော်ခြင်၊နှင့်အခြားအားကစားများ စီစဉ်ကျင်းပပေးသည်။ လူငယ်များအတွက် ကျေးရွာတွင် မိသားစုစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့် ကျောက်စိမ်းရှာဖွေခြင်း၊ရွှေကျင်းခြင်းလုပ်ငန်းများသာ ရှိသဖြင့် အလုပ်အကိုင်အတည်တကျလုပ်ကိုင်နိုင်သည့် အလုပ်ရှားပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့် (မြစိမ်းရောင် စီမံကိန်း၊ VDP ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း)တို့တွင် လူငယ်များ ပူးပေါင်းပါဝင်ကြသည်။

(ဇ) အခြေခံအဆောက်အဦး– လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ဆိုင်ကယ်၊ကား၊ထော်လာကျီ၊သုံးဘီးဆိုင်ကယ်များကို အသုံးပြုမောင်းနှင်းကြသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၉၇)စီး၊စက်ဘီး(၆)စီး၊ သုံးဘီးဆိုင်ကယ်(၄)စီးနှင့်ကား(၉)စီး၊ထော်လာကျီ(၁)စီးတို့ကို အသုံးပြုလျှက်ရှိသည်။ ရေလမ်းကြောင်းအနေဖြင့် ကျေးရွာအနီးရှိ ဥရုချောင်းဖြင့် မိုးရာသီချိန်တွင် သွားလာနိုင်ပြီး စက်လှေ (၅)စီး ရှိပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးကို မရရှိပါ။ ပုဂ္ဂလိကမီးစက်ဖြင့် မီးပေးစားသူထံမှလည်း လျှပ်စစ်မီးအသုံးပြုကြပါသည်။ ယခင်က ရေအားလျှပ်စစ်ပြုလုပ်ထားပြီး ကျေးရွာတို့မီးပေးမှုရှိခဲ့ပါသည်။ နည်းပညာနှင့်ငွေကြေးအားနည်းသဖြင့် တစ်ရွာလုံးလျှပ်စစ်မီးမပေးစွမ်းနိုင်ပါ။ ကျေးရွာ တစ်ရွာလုံးတွင် ဆိုလာစနစ်ဖြင့်သာ လျှပ်စစ်မီးရရှိသုံးစွဲကြသည်။ ကျေးရွာတွင်

မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်း များအတွက် အသုံပြုနိုင်ကြပါသည်။ အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသေးပါ။ သို့သော် ဘုန်ကြီးကျောင်း၊ဘုရားကျောင်းများတွင် စာပေများ သွားရောက် လေ့လာ ဖတ်ရှုနိုင်သည်။ ရွာသားများသည် ကျေးရွာအနီးရှိ တာမခံကျေးရွာတွင် သတင်းစာ၊ဂျာနယ်များ သွားရောက်ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာ လုံးအတိုင်အတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် သာမာန်ခိုးလုမှုခင်းသာ တစ်ခါတစ်ရံသာဖြစ်ပြီး ရာဇဝင်မှုခင်းများ ဖြစ်ပွားမှု နည်းပါးသဖြင့် တည်ငြိမ် အေးချမ်းမှုရှိခြင်းကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုတို့ ချောမွေ့စေသည်။ ကျေးရွာတွင် နေထိုင်သည့် တိုင်းရင်းသား လူမျိုးစုများသော်လည်း လူမျိုးစုပြဿနာ၊ ဘာသာရေးပြဿနာများ၊ လူနည်းစုမျိုးနွယ်များအပေါ် ထိခိုက်မှုများ မရှိပဲ ရွာသားအချင်းချင်း သင့်မြတ်အေးချမ်းစွာ နေထိုင်ကြသည်။ အာမခံစနစ်ကို ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်နည်းပါးသည်။ ရွာသားများသည် မြို့နယ်ရဲစခန်း၊ရဲကင်းများသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ဖားကန့်မြို့နယ်သည် ကျောက်မျက်ရတနာများ ထွက်ရှိသည့် နယ်မြေဖြစ်ပြီး ကျေးရွာအနီးအနားတွင်လည်း ကျောက်စိမ်းနှင့် ရွှေများ ထုတ်ရှိပါသည်။ ကျေးရွာသူ/သားအများစုမှာ ကျောက်စိမ်းရှာဖွေနိုင်ခြင်း၊ရွှေကျင်းနိုခြင်းများလုပ်ငန်းနိုင်ကြသဖြင့် ငွေကြေးတတ်နိုင်သူများရှိသဖြင့် ကျေးရွာ၏ သာရေးနာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ကြပါသည်။ ကျေးရွာအနီးရှိ နန့်စပိန်းချောင်းရေသည် အရက်ချက်ရာတွင် အလွန်ကောင်းမွန်သဖြင့် ထွက်ကုန်လုပ်ငန်း အတွက် အလွန်အကျိုးရှိပါသည်။ အရက်ချက်ရာမှ ထွက်ရှိလာသည့်ကစောဖတ်များသည် ဝက်မွေးမြူရာတွင် ဝက်စာအဖြင့် ကျွေးမွေးနိုင်သဖြင့် ဝက်မွေးမြူရေး လုပ်ငန်းအတွက် အလွန်အကျိုးရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် ကျေးရွာပတ်လည် တောင်တန်း၊တောင်ကုန်းများ သစ်တောများ၊ စိမ့်စမ်းရေ၊ချောင်းရေများ ပတ်လည်ဝန်းရံလျှက်ရှိပါ သည်။ ကျေးရွာသည် တောင်ခြေကျေးရွာဖြစ်ပြီး ကျေးရွာဘေးတွင် ဥရုချောင်း ပတ်စီးဆင်းနေသဖြင့် ချောင်းဘေးတွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်ပါ သည်။ တောင်ကုန်း တောင်တန်းများရှိ သဖြင့် တောင်ယာများ၊ဥယျာဉ်ခြံများ စိုက်ပျိုးနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ဝက်မွေးမြူရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်သော်လည်း ဝက်ဒိုင်များ၊ဝက်ပွဲစားများမှာ ဝက်ဈေးအား ဈေးလျော့ဝယ်သဖြင့် အမြတ်ရရှိမှု လျော့နည်းမှု ရှိပါသည်။ဝက်ဈေး အလွန်ဈေးလျော့ဝယ်သဖြင့် ဝက်မွေးမြူသူများအနေဖြင့်လည်းလုပ်ငန်း တိုးချဲ့လုပ်ကိုင်ကြရန် အခက်အခဲရှိပါသည်။

ကျောက်စိမ်းများတူးဖော်ခြင်း၊ ရွှေကျင်းခြင်းလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် သစ်တောများပြုန်းတီးလာခြင်း၊ တောင်ယာခုတ်ခြင်း၊ တောင်မီး ရှို့ခြင်း၊ကြောင့်လည်း သစ်တောများ ပြုန်းတီးမှု များလာသဖြင့် စိမ့်စမ်းရေချောင်းများ ၊မြစ်ချောင်းများ ခမ်းခြောက်လာမှု မြင့်မားလာနိုင်ပါသည်။ ရာသီဥတုများ လည်း ဖေါက်ပြန်လာမှုရှိပါသည်။

ကျေးရွာရှိ စိုက်ခင်းမြေဆီလွှာများသည် သီးနှံအထွက်နှုန်းတိုးစေရန် ဓါတ်မြေဩဇာများထည့်သွင်းအသုံးပြုမှု များပြားသဖြင့် မြေဆီလွှာများ ပိုမို ညံ့လာနိုင်သည်။ ကျေးရွာ၏ စိုက်ချင်းမြေကို ထပ်မံတိုးချဲ့၍ မရရှိနိုင်သဖြင့် စိုက်ခင်းသမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးရေးရယူသုံးစွဲနေသည့် စိမ့်စမ်းရေချောင်းမှာ သစ်တောများ ပြုန်းတီးလာသဖြင့် ရေထွက်အား လျော့နည်းလာပြီး စိုက်ပျိုးရေမလုံလောက်မှု ဖြစ်လာပါသည်။ ကျေးရွာအနေဖြင့် သစ်တောများ ပြုန်းတီးလာမှု မဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းသင့်ပါသည်။ မိုးရာသီ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ရေသုံးစွဲသူ စုဖွဲ့ပြီး လက်တူးတွင်းတူးဖော်ရန်လိုအပ်သည်။ စိုက်ခင်းတောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ဆောင်မှုများ ရရှိရန်လိုအပ်သည်။

အရက်ချက်လုပ်ငန်းသည် ကန့်သတ်ထားသော မူးယစ်ဆေးဝါးတွင် ပါရှိသဖြင့် အခြားနေရာများတို့ ရောင်းချရန်အတွက် လိုင်စင်လျှောက်ထားရရှိရန် လိုအပ်ပြီး လိုင်စင်ရရှိရန်လည်း ခက်ခဲမှုရှိသဖြင့် ထွက်ကုန်ထုတ်လုပ်မှု အကန့်အသတ်ဖြင့်သာ ထုတ်လုပ်နိုင်ကြပါသည်။

ရွှေကျင်းခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန်မှာ ရွှေထွက်သည့် ဥရုချောင်းတစ်လျှောက် ကုမ္ပဏီများမှ တူးဖော်လုပ်ကိုင်ကြသဖြင့် ကျေးရွာများအနေဖြင့် လုပ်ကိုင်နိုင်ရန်အလွန်ခက်ခဲမှု ရှိပါသည်။ သက်ဆိုင်ရာကုမ္ပဏီများမှ ကျေးရွာသားများ ရွှေကျင်းလုပ်ကိုင်ခွင့် နေရာအနည်းငယ် သတ်မှတ်ပေးရန် လိုအပ်ပါသည်။

လူငယ်များသည် မူးယစ်ဆေးဝါးများအား လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်သဖြင့် မူးယစ်ဆေးဝါးအန္တရယ်သည် ကျေးရွာ၏ တက်သက်လူငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးမားသည့် အဟန့်အတားတစ်ရပ်ဖြစ်ပါသည်။ မူးယစ်အန္တရာယ်ကင်းစင်လာရန် အသိပညာဗဟုသုတဟောပြောပွဲကျင်းပပေးခြင်း အားကစားပျော်ပွဲရွှင်ပွဲများ ကျင်းပဆောင်ရွက်ပေးရန်လိုအပ်သည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးပေးခြင်း၊ သက်မွေးပညာ သင်တန်းများရရှိခြင်းမှ တစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိမည်၊

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ကျေးရွာသူ/သားများ လူမှုစီးပွားဘဝ အဆင့်မြင့်မားလာစေရမည်။

(၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု ကောင်းမွန်ပြည့်ဝစွာ ရရှိစေခြင်းနှင့် ကျန်းမာရေးအသိပညာဗဟုသုတ ကျယ်ပြန့်စွာ သိရှိပြီး ကျန်းမာစွာ လိုက်နာနေထိုင်တတ်စေမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက် သွားကြမည်-

(၁)ကျေးရွာတွင် ငွေကြေး၊နည်းပညာ၊နည်းပညာအသုံးချနိုင်စွမ်းရရှိရေးကို ဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်ရပါမည်။ ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး လိုအပ်သည့် ထုတ်လုပ်ခွင့်လိုင်စင်ဖြန်းဖြူးရောင်းချခွင့်လိုင်စင်များရရှိစေရန် သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေလုပ်ငန်းအတွက် မြို့နယ်ရှိဘဏ်ခွဲများ၊ ရင်းနှီး ငွေရရှိရာအခြားနေရာများနှင့် ချိတ်ဆက်ပေးပါမည်။ အရင်းအနှီးငွေရရှိလာပါက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ထုတ်ကုန်လုပ်ငန်းများအတွက် ခွဲဝေချထားပါမည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေး နည်းပညာများ ထွန်းကားလာစေရန်အတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာ သင်တန်းများတက်ရောက်နိုင်ရန် သက်ဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ တက်ရောက်တက်မြောက်လာသူများမှလည်း တဖန်ကျေးရွာသူ/သားများအား နည်းပညာများ ဆင့်ပွားမျှဝေပြီး ကိုယ်တိုင်လည်း နည်းပညာများအား အသုံးပြုကာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပါမည်။ ထုတ်ကုန် လုပ်ငန်းများ တိုးတက်လာစေရန် လိုင်စင်ရရှိရေးနှင့် ထုတ်ကုန်နည်းပညာများရရှိရေး သက်ဆိုင်ရာနှင့်ချိတ်ဆက်ဆောင်ရွက်ပေးပြီး လက်တွေ့ နည်းပညာများအသုံးပြုကာ ထုတ်ကုန်များတိုးတက်လာစေမည်။

(၂) ကျွန်တို့သည် လက်သမား/ပန်းရံ၊ အပ်ချုပ်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် ကျောက်ဖြတ်သင်တန်းစသည့် သက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် ကျေးရွာသားများအတွက် သက်မွေးပညာကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာတွင် ကျေးရွာလမ်း၊တံတားနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတို့ ဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အအုံများ တိုးတက် ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ထိုအပြင် ကျေးရွာအခြေခံအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားမည်။ ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေးလုံလောက်စွာ ရရှိနိုင်ရေးအတွက် ဌာနဆိုင်ရာ များနှင့်ချိတ်ဆက်ဆောင်ရွက်ပြီး လက်တူးတွင်းများတူးဖော်ခြင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ရေစုကန်များ တည်ဆောက်ခြင်းဖြစ်တစ်ရွာလုံး သောက်သုံးရေ ဖူလုံမှုရှိစေရမည်။ ကျေးရွာလုံး လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးအတွက် ရေအားလျှပ်စစ်မီးလင်းရေးနှင့် ဆိုလာမီးလင်းရေးစနစ် ရရှိအောင် မြို့နယ်သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။

(၄) ကျေးရွာတွင် မူလတန်းကျောင်း ခြံစည်းရိုးကာရံပြီး ကျောင်းနေကလေးများ ဘေးကင်းလုံခြုံမှုရှိစေရန် ဆောင်ရွက်ပါမည်။ ကျောင်းကလေးများ ၏ဘက်စုံပညာရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပညာရေးဌာနှင့်ကျောင်းသားမိဘများ ပူးပေါင်း၍ ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာမများ ရရှိရေး နှင့် ဆရာ/မများ လုံလောက်စွာ ခန့်ထားရရှိရေးအောင် ဆောင်ရွက်ပါမည်။လူငယ်များ စာပေဖတ်ရှုလေ့လာမှု အားကောင်းလာစေရန်နှင့် အသိပညာဗဟုသုတများ မြှင့်မားလာစေရန်အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်း၊စာပေပညာရှင်များနှင့်ချိတ်ဆက်၍ စာကြည့်တိုက်နှင့်စာပေဖတ်ရှုလေ့လာနိုင်မည့်နေရာများရရှိစေရေး၊စာပေဟောပြောပွဲများစီစဉ်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်။

(၅) ကျေးရွာတွင် ကျေးရွာပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု ပြည့်ဝစွာ ရရှိရေးအတွက် ကျွမ်းကျင်မှုပြည့်ဝသော ကျေးလက်ကျန်းမာရေးဆရာမ ရရှိအောင် ကျန်းမာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပါမည်။ ကျေးလက်ဆေးပေးခန်းတွင် လိုအပ်သော ဆေးဝါးများ၊ အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် ပရိဘောဂများ လုံလောက်စွာရရှိအောင် ဆောင်

ရွက်ပါမည်။ ကျေးရွာပြည်သူများ ကျန်းမာ ကြံ့ခိုင်အားကစားပြုလုပ်ရန် အတွက် ဘောလုံးအားကစားကွင်း ရရှိအောင် ဖော်ဆောင်ပြုလုပ်ပါမည်။

(၅) ကျေးရွာတွင် ရိုးရာဓလေ့အစဉ်အလာများကြောင့် ကျား/မ တန်းတူအခွင့်အရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုမရှိစေရန် မြို့နယ်အဖွဲ့အစည်းများ၏အကူ အညီရယူပြီး အမျိုးသမီးများနှင့်အမျိုးသားများ လုပ်အားခများတန်းတူရရှိရေး၊ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ တန်းတူညီမျှပါဝင်နိုင်စေရေး ကျား/မအခွင့်အလမ်းဆိုင်ရာကိစ္စရပ်များ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းအစီအစဉ်များ ဆောင်ရွက်ပေးမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှ တစ်ဆင့် ကျွန်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲပေးခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမူသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည် တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပံ့မှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) ကျေးလက်လမ်း အဆင့်မြင့်တင်စေရေး

ကျေးရွာတွင်းရှိ ရွာလယ်လမ်းမှာ မြေသားလမ်းအဆင့်သာရှိပါသည်။ ရွာတွင်းမြေသားလမ်းဖြစ်၍ ကျေးရွာနေပြည်သူများအနေဖြင့် လူမှုရေး၊စီးပွားရေး၊အခြားကိစ္စများအတွက် သွားလာရန်တွက် လမ်းမကောင်းသဖြင့် ခရီးနှောင်းနှေး ကြန့်ကြာမှု ရှိပြီး မိုးရာသီတွင် လမ်းဗွဲ့ထခြင်း၊ နွေရာသီတွင် ဖုံထခြင်း တို့ကြောင့် ကျန်းမာရေးအရလည်း ထိခိုက်စေပါသည်။ ထိုကြောင့် ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြင့်တင်ရရှိရေးအတွက် သက်ဆိုင်ရာဌာနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) မွေးမြူရေးဆိုင်ရာ လုပ်ငန်းများ တိုးတက်လာစေရေး

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် ဝက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ဝက်မွေးမြူသူများအနေဖြင့် အရက်ချက်ရာမှ ရရှိသည့် ကစောဖတ်များဖြင့် ဝက်မွေးမြူရေကောင်းမွန်သော်လည်း ဝက်များရောင်းချကြရာတွင် ဝက်အဝယ်ဒိုင်များ၊ ပွဲစားများမှ ဝက်သားဈေးအား အလွန်ဈေးလျော့ ဝယ်ယူကြပြီး အခြားနေရာများတို့လည်း ရောင်းချခွင့်မရှိသဖြင့် အကျိုးအမြတ် အလွန်လျော့နည်းကြပါသည်။ ဝက်မွေးမြူရေးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့များမှ ဝက်ရောင်းဝယ်မှုအား နှစ်ဦးနှစ်ဖက် ထိခိုက်မှုမရှိအဆင်ပြေနိုင်သည့် ဈေးနှုန်းအား သတ်မှတ်ပေးရန် စီစစ်ဆောင် ရွက်သင့်ပါသည်။ ဝက်မျိုးကောင်းမျိုးသန့်များ၊မွေးမြူရေးဆိုင်ရာနည်းပညာများ ရရှိအသုံးပြုနိုင်ရန်အတွက် မွေးမြူရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ဝက်ရောဂါများကျပါက ဆုံးရှုံးများမဖြစ်ပေါ်အောင် ရောဂါကာကွယ်ဆေးများ ပုံမှန်ထိုးပေးရေး မွေးမြူရေးဌာနမှ အလေးပေးဆောင်ရွက်သင့်ပါသည်။

(ဃ) လျှပ်စစ်မီးလင်းရေး ရရှိစေရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိခြင်းမရှိပါ။ ယခင်ဆောင်ရွက်ထားသည့် ရေအားလျှပ်စစ်မှ လျှပ်စစ်မီးမှာ တစ်ရွာလုံးရရှိနိုင်ခြင်းမရှိ၍ တစ်ပိုင်တစ်နိုင် ဆိုလာစနစ်ဖြင့်သာ လျှပ်စစ်မီးရရှိကြပါသည်။ တစ်ရွာလုံး လျှပ်စစ်မီးလုံလောက်စွာမရရှိသဖြင့် စီးပွားရေး၊လူမှုရေး၊ပညာရေးနှင့်ကျန်းမာရေး များအတွက် ကျေးရွာနေပြည်သူများအနေဖြင့် အလွန်အခက်အခဲရှိကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးလုံလောက်စွာ ရရှိပါက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

လျှပ်စစ်မီးအား တစ်ရွာလုံးလုံလောက်စွာရရှိစေရေးအတွက် ယခင်ဆောင်ရွက် ထားသည့် ရေအားလျှပ်စစ်အား ပြန်လည်ပြုပြင်စေခြင်းနှင့် ဆိုလာမီးလင်းရေးစနစ်တည်ဆောက်ခြင်းဖြင့် ရရှိနိုင်ပါသည်။ မြို့နယ်လျှပ်စစ်ဌာနနှင့် ကျေးလက်ဌာနတို့မှ တစ်ရွာလုံး လျှပ်စစ်မီးရရှိနိုင်မည့် စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါသည်။

(c) ကျန်းမာရေးအာကစားကွင်း ရရှိစေရေး

ကျေးရွာတွင် လူငယ်လူရွယ်များ အားကစားလုပ်ရန် ဘောလုံးအားကစားကွင်းမရှိပါ။ ဘောလုံးကစားရန်အတွက် ကျေးရွာလူငယ်များမှာ တာမခံဘောလုံးကွင်းတို့ သွားရောက် ကစားကြရပါသည်။ မှော်နယ်မြေဖြစ်၍ မူးယစ်ဆေးဝါး အလွယ်တကူဝယ်ယူသုံးစွဲနိုင်ကြသဖြင့် ကျေးရွာလူငယ်များ မူးယစ်သားကောင်မဖြစ်စေရန် အားကစားများဖြင့် စိတ်များပြောင်းလဲစေနိုင်ပါသည်။ ထိုကြောင့် ကျေးရွာတွင် ဘောလုံးအားကစားကွင်း အကောင်အထည်ဖော်ဆောင်ရွက်ရရှိစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်သက်ဆိုင်ရာဌာနတို့ပူးပေါင်း၍ ဘောလုံးကွင်းရရှိအကောင်အထည်ဖော် ပြုလုပ်သင့်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(၈) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်မကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလ ဖော်ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ

နောက်ထပ်တိုးလာ မည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများ အလိုက် ဆောင်ရွက်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်း တာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classsification)တွင်

- သာမာအသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ

နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ် ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	**စီမံချက်**	**ရမှတ် ပေါင်း အဆင့်**	**ဦးစားပေး**	**ဖော်ပြချက်**	**မှတ်ချက်**
ကျေးရွာအဆောက်အအုံ					
	၁။ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ကျေးရွာတွင်းလမ်းများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက	၅၀	၁	ကျေးလက် ဦးစီးပြီးဆောင်ရွက်သွားမည်။	ဦးစီး
မီးလင်းရေး					
ကျေးလက်	၂။ ရေအားလျှပ်စစ်ရရှိရေးနည်းပညာအကူ အကူအညီ၊စက်ပစ္စည်းများရရှိရေး ဦးစီး	၄၃	၂	လျှပ်စစ်ဌာနနှင့်ကျေးလက်ဌာနမှ တစ်ရွာလုံး လျှပ်စစ်မီးရရှိရေး အတွက် လိုအပ်သည့် ရေအားလျှပ်စစ်နည်းပညာများနှင့် စက်ပစ္စည်း များရရှိအောင်နှင့် အခြားလျှပ်စစ်မီးရရှိနိုင်မည့် နည်းလမ်းများ ရှာဖွေ ပေးသွားမည်။	
ကျေးရွာအဆောက်အအုံ					
အာ/ကာဌာနနှင့်ချိတ်ဆက်၍	၃။ အားကစား ဘောလုံးကွင်းရရှိရေး	၃၄	၃	ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကျေးရွာပိုင် အားကစား ဘောလုံးကွင်း မြေနေရာရရှိအောင် ဆောင်ရွက်ခြင်းနှင့် အားကစားကွင်း ပြုလုပ်ဖော်ဆောင်ရွက် သွားမည်။	

ကျေးရွာအဆောက်အအုံ

၄။ စာကြည့်တိုက် တည်ဆောက်ခြင်း၊	၃၂	၄	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာပိုင် စာကြည့်တိုက် တည်ဆောက်ရန် ရန်ပုံငွေ၊နည်းပညာ၊စာအုပ်စာပေ အထောက်အပံ့များ ရရှိစေရန် ပြန်/ဆက်ဌာနနှင့် အလှူရှင်များထံ ချိတ်ဆက် ဆောင်ရွက်သွားမည်။

မွေးမြူရေး

၅။ မွေးမြူရေးနည်းပညာ ရရှိရေး၊ ဝန်ဆောင်မှု၊ငွေကြေးရရှိရေး	၃၁	၅	မွေးကုဋ္ဌီးစီးဌာနမှ ပေးမည့် သင်တန်းသို့ တက်ရောက်မည့်အလား အလာရှိသည့် သင်တန်းသားကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ရွေး ချယ်ပေးသွားမည်။

ကျန်းမာရေး

၆။ ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှု ရရှိရေး	၃၁	၆	ကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်လာစေရေးနှင့် ကျေးရွာသူ/သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာ ရရှိရေး ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီမှ ဆောင်ရွက်သွားမည်။

မွေးမြူရေး

၇။ ဝက်ထွက်ကုန်များ ဈေးနှုန်းမှန် ကန်စွာ ရောင်း/ဝယ်ခွင့် ရရှိရေး	၃၀	၇	ဝက်မွေးမြူသည့် သူများအတွက် ဝက်ရောင်းချရာတွင် သင့်တင်သည့် ဝက်သားဈေးနှုန်းများ သတ်မှတ်ပေးရန် ကျေးရွာအုပ်ချုပ်ရေးမှ မွေးကုဋ္ဌီးစီးဌာနနှင့်စည်ပင် တို့နှင့်ချိတ်ဆက်ဆောင်ရွက်ပေးမည်။

ကျန်းမာရေး

	၈။ ကျန်းမာရေးဆရာမတစ်ဦးရရှိရေး	၃၀	၈ ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ ကျွမ်းကျင်မှုပြည့်ဝသော ကျန်းမာရေးဆရာမတစ်ဦးရရှိရေး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဆောရွက်ပေးမည်။
လူငယ်			
	၉။ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး	၃၀	၉ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလူငယ်များအလုပ်အကိုင် ရရှိစေရန် အလုပ်ရှာဖွေရေးအဖွဲ့၊စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့နယ်သက်ဆိုင်ဌာန၊နှင့်ချိတ်ဆက်၍ သင့်တော်သည့်အလုပ် ရှာပေးမည်။
ရေပေးရေး			
ကျေးလက် ဦးစီး	၁၀။ ရေစုကန်(၁)ကန်တည်ဆောက်ခြင်း	၂၉	၁၀ ကျေးလက်ဦးစီးဌာနသို့ ကျေးရွာလုံး ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ် လုပ်ငန်းအတွက် ရေစုကန်တည်ဆောက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ တင်ပြဆောင်ရွက်ပေးမည်။
ကျေးလက် ဦးစီး	၁၁။ လက်တူးတွင်း(၄)တွင်းတူးဖော်ခြင်း	၂၇	၁၁ ကျေးလက်ဦးစီးဌာနသို့ ရေရရှိရေး လက်တူးတွင်း(၄)တွင်း တူးဖော် ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ တင်ပြဆောင်ရွက်ပေးမည်။
ကျေးရွာအဆောက်အအုံ			
	၁၂။ ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	၂၆	၁၂ ကျေးရွာအတွက် လိုအပ်သည့် ကျေးရွာခန်းမဆောင်တည်ဆောက်နိုင် ရန် ရန်ပုံငွေ၊နည်းပညာများအထောက်အပံ့ရရှိစေရေး ကျေးရွာဖွံ့ဖြိုး ရေးကော်မတီနှင့် အုပ်ချုပ်ရေးအဖွဲ့မှ ဆောင်ရွက်ပေးမည်။
စိုက်ပျိုး/မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ			

၁၃။ သက်မွေးဝမ်းကျောင်း နည်းပညာများ ကျေးလက် ရရှိရေး၊	၂၆	၁၃ ဝန်ဆောင်မှုပေးသောအဖွဲ့အစည်းက အုပ်စု(သို့)မြို့နယ်သို့ပေးမည့် သင်တန်းသို့ တက်ရောက်မည့်သူများကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဦးစီး က ရွေးချယ် ပေးမည်။
ပညာရေး		
၁၄။မှော်လုံကျောင်းခြံစည်းရိုးကာရံခြင်း	၂၄	၁၄ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အ.မ.ကမှော်လုံကျောင်းခြံစည်းရိုး ကာရံရန်အတွက် ရန်ပုံငွေ၊နည်းပညာအထောက်အပံ့များရရှိရေး ပညာရေးဌာနနှင့်အခြားဖွံ့ဖြိုးအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ပေးမည်။
အခြားလုပ်ငန်း		
၁၅။ရွှေ၊ကျောက်စိမ်းလုပ်ကွက်များအား လုပ်ပိုင်ခွင့်ရရှိရေး	၂၄	၁၅ ရွှေနှင့်ကျောက်စိမ်းလုပ်ကွက်အား ကုမ္ပဏီများမှ ကျေးရွာသူ/သားများ လုပ်စားခွင့်အနည်းငယ်ခွင့်ပြုပေးနိုင်ရန်အတွက် အုပ်ချုပ်ရေးအဖွဲ့မှ မြို့နယ်ဌာနဆိုင်ရာနှင့်ကုမ္ပဏီထံချိတ်ဆက်ဆောင်ရွက်မည်။
စိုက်ပျိုးရေး		
၆။ စိုက်ပျိုးရေးနည်းပညာရရှိရေး	၂၅	၆ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ၊အသိပညာဗဟုသုတ ကျယ်ပြန့်စွာ သိရှိ လုပ်ကိုင်နိုင်ရန် စိုက်ပျိုရေးဦးစီးဌာနမှ သင်တန်းများ ပေးခြင်း၊ နည်းပညာ အသိပညာပေး ဟောပြောပွဲများ ကျင်းပပေးခြင်းတို့ ရရှိနိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီက ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလမ်း၊	၁	-				
၂။ ရေအားလျှပ်စစ်ရရှိရေးနည်းပညာ၊စက်ပစ္စည်းများရရှိရေး		၂			-	- -
၃။ အားကစားကွင်း အဖြစ်သတ်မှတ်ရရှိရေး	၃			-	-	
၄။ စာကြည့်တိုက်တည်ဆောက်ခြင်း	၄			-	-	
၅။ မွေးမြူရေးဆိုင်ရာနည်းပညာဝန်ဆောင်မှု၊ငွေကြေးအရင်းအနှီး	၅	-	-	-	-	-
၆။ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု ရရှိရေး	၆	-	-	-	-	-
၇။ ဝက်မွေးမြူရေး ထွက်ကုန်များ ဈေးနှုန်းမှန်ကန်စွာ ရောင်း/ဝယ်ခွင့်ဆောင်ရွက်ပေးခြင်း		၇		-	-	- -
၈။ ကျန်းမာရေးဆရာမတစ်ဦးရရှိရန် ဆောင်ရွက်ပေးခြင်း	၈			-	-	
၉။ လူငယ်များအတွက် အလုပ်အကိုင်ခွင့်လမ်းရှာဖွေပေးခြင်း			၉	-	-	- - -
၁၀။ ရေစုကန်(၁)ကန်တည်ဆောက်ခြင်း	၁၀				-	-
၁၁။ လက်တူးတွင်း(၄)တွင်းတူးဖော်ခြင်း	၁၁		-	-	-	
၁၂။ ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	၁၂			-	-	
၁၃။ သက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း		၁၃		-	-	- -
၁၄။ အ,မ,ကမှော်လုံကျောင်းခြံစည်းရိုးကာရံခြင်း	၁၄			-		

၁၅။ ရွှေကျောက်စိမ်းလုပ်ကွက်များကုမ္ပဏီမှ တစ်ပိုင်တစ်နိုင်လုပ်		၁၅	-	-	-	-
၁၆။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဝန်ဆောင်မှုရရှိရေး		၁၆	-	-	-	-

၉။ **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (Indicative)ဖြစ် ကိုးကာရန် ပမာဏသာ ဖစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ-လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

		ရန်ပုံငွေမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			ငွေလုံးငွေရင်း အသုံးစရိတ်		
စဉ်	**စီမံချက်**	**ရန်ပုံငွေ (သိန်း)**	**သာမန် အသုံးစရိတ်**	**ငွေလုံးငွေရင်း အသုံးစရိတ်**	**စွမ်းဆောင်ရည် မြှင့်တင်ရေး**	**လူသားချင်းစာနာမှု ဆိုင်ရာ ထောက်ပံ့မှု**
၁။ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလမ်း၊				Ã		
၂။ ရေအားလျှပ်စစ်ရရှိရေးနည်းပညာ၊စက်ပစ္စည်းများရရှိရေး				Ã		
၃။ အားကစားကွင်း အဖြစ်သတ်မှတ်ရရှိရေး				Ã		

၄။ စာကြည့်တိုက်တည်ဆောက်ခြင်း		Ã		
၅။ မွေးမြူရေးဆိုင်ရာနည်းပညာဝန်ဆောင်မှု၊ငွေကြေးအရင်းအနှီး			Ã	
၆။ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု ရရှိရေး				Ã
၇။ ဝက်မွေးမြူရေး ထွက်ကုန်များ ဈေးနှုန်းမှန်ကန်စွာ ရောင်း/ဝယ်ခွင့်ဆောင်ရွက်ပေးခြင်း	Ã			
၈။ ကျန်းမာရေးဆရာမတစ်ဦးရရှိရန် ဆောင်ရွက်ပေးခြင်း	Ã			
၉။ လူငယ်များအတွက် အလုပ်အကိုင်ခွင့်လမ်းရှာဖွေပေးခြင်း				Ã
၁၀။ ရေစုကန်(၁)ကန်တည်ဆောက်ခြင်း		Ã		
၁၁။ လက်တူးတွင်း(၄)တွင်းတူးဖော်ခြင်း		Ã		
၁၂။ ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း		Ã		
၁၃။ သက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း			Ã	
၁၄။ အ,မ,ကမှော်လုံကျောင်းခြံစည်းရိုးကာရံခြင်း		Ã		
၁၅။ ရွှေကျောက်စိမ်းလုပ်ကွက်များကုမ္ပဏီမှ တစ်ပိုင်တစ်နိုင်လုပ်				Ã
၁၆။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဝန်ဆောင်မှုရရှိရေး			Ã	

၁၀။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကောမတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်း ကျောင်း၏ ပညာအရည်အချင်း တိုးတက်လာစေရန် ဆရာမလုံလောက်မှု ရရှိရေး တာဝန်ယူ၍ လမ်းကော်မတီသည် ရွာတွင်းလမ်း ကွန်ကရစ်ခင်းအဆင့်မြင့်တင်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-- မိဘဆရများအသင်းသည် မူလတန်းကျောင်း ပညာအရည်အချင်း တိုးတက်လာစေရန် ဆရာမ လုံလောက်မှုရှိရေးအတွက် ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါသည်။ လမ်းကော်မတီသည် ရွာတွင်းလမ်း ကွန်ကခရစ်ခြင်းလုပ်ငန်းအတွက် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ အင်ဂျင်နီယာ တွက်ချက် ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီယူရပါသည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားများဖော်ပြရာတွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုး အစားများအတွက်အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာ ဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ

(နိုင်ငံတကာဖွံ့ဖြိုးမှုများအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စ များတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းများတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်း လုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ ကျောင်းခြံစည်းရိုးကာရံခြင်းအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်မှုစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်ထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့် အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical Progress)နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိရ အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက် များအပေါ်ဦးတင်ပါမည်–

(၁) လုပ်ငန်းပိုင်ဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာ အုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂မျက်နှာ၊ ၃မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖော် ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်သောကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ် များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်သည်။

(ခ)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ် လည်သုံးသပ်ပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင် များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကို ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(၁) ကျေးရွာလူမှုရေးစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်အချက်အလက်

ဇယား(၁) နန့်ပါဟုတ်ကျေးရွာ၏ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၁နှစ်အောက်	၉	၁၂	၂၁	၅.၆၁%
၁နှစ် မှ ၅နှစ်	၂၆	၂၀	၄၆	၁၁.၆၈%
၅နှစ် မှ ၉နှစ်	၃၈	၄၀	၇၈	၉.၆၄%
၁၀နှစ် မှ ၁၄နှစ်	၃၂	၃၈	၇၀	၈.၆၄%
၁၅နှစ် မှ ၆၄နှစ်	၂၆၇	၂၉၇	၅၆၄	၆၉.၆၃%
၆၄နှစ် နှင့်အထက်	၉	၂၂	၃၁	၃.၈%
စုစုပေါင်း	**၃၈၁**	**၂၄၉**	**၈၁၀**	**၁၀၀%**

အိမ်ထောင်စုပေါင်း= ၁၆၈ **တစ်အိမ်ထောင်လူဦးရေ= ၅**

ရည်ညွှန်း . . . ကျေးရွာအခြေအနေကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(၂၃ ရက်၊ ၅လ၊ ၂၀၁၈ခုနှစ်)

(၁.၂) လုပ်သားအင်အား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိက	အလုပ်အကိုင်	တွဲဖက်	မှတ်ချက်

		အိမ်ထောင်စု	%	အလုပ်အကိုင်	
၁	**စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)**				
	• ကိုယ်ပိုင်လုပ်ငန်း စိုက်ပျိုးကြ	၃၄	၂၀.၂%	-	တောင်ယာလုပ်ငန်း၊နှင့် ဥယျာဉ်ခြံများသာ ပါသည်။ လယ်ယာစပါးများစိုက်ပျိုးနိုင်ခြင်းမရှိပါ။
	• အလုပ်သမား၊ကျပန်း ရာသီလိုက် အလုပ်သမား				
	• မိသားစုဝင်လုပ်အား				
၂	**တိရစ္ဆာန်မွေးမြူရေး**				
	• ကိုယ်ပိုင်လုပ်ငန်း	၁၉	၁၁.၃၁%	-	မွေးမြူရေးလုပ်ငန်းအဖြစ် ဝက်သာ အဓိကမွေးမြူကြသည်။ အခြား ကြက်၊ဘဲနှင့် နွေးအနည်းငယ်သာ အိမ်ထောင်စုအနည်းငယ်မွေးမြူကြသည်။
	• အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	• မိသားစုဝင်လုပ်အား				
၃	**ငါးဖမ်းလုပ်ငန်း**				

	• ကိုယ်ပိုင်လုပ်ငန်း • အလုပ်သမား၊ ကျပန်း ရာသီအလိုက်အလုပ်သမား • မိသားဝင်လုပ်အား				
၄	**သစ်တော်လုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း • အလုပ်သမား/ဝန်ထမ်း	၁	၀.၆%	–	တစ်အိမ်ထောင်စု သစ်လုပ်ငန်းလုပ်ကိုင်ပါသည်။
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း**				
	• ကိုယ်ပိုင်လုပ်ငန်း အလုပ်သမား၊ ကျပန်း ရေမဆေးကျောက် ရာသီအလိုက်အလုပ်သမား • မိသားဝင်လုပ်အား	၅၈	၃၄.၅%	–	ကျေးရွာအနီးရှိ မှော်နယ်မြေများတွင် ရှာခြင်း၊ချောင်းဘေးရွှေကျင်းခြင်းလုပ်ငန်းဖြင့် ဝင်ငွေရှာဖွေသည်။
၆	**ထုတ်ကုန်လုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း လိုင်စင်ရအရက်ချက်လုပ် • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား • နေ့စားလုပ်သား	၃၆	၂၁.၄%	–	ထုတ်ကုန်လုပ်ငန်းအနေဖြင့် ငန်းလုပ်ကိုင်ကြပါသည်။
၇	**လျှပ်စစ်၊ ဘဘာဝဓါတ်ငွေ့နှင့်ရေဖြန့်ဝေရေးလုပ်ငန်း**				

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၇ **ဆောက်လုပ်ရေးလုပ်ငန်း**

- ကိုယ်ပိုင်လုပ်ငန်း ၂ ၁.၂**%** - လက်သမား-၂ဦးသာ လက်သမားလုပ်ငန်းဖြင့် ဝင်ငွေ ရှာဖွေသည်။
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၈ **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၉ **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**

- ကိုယ်ပိုင်လုပ်ငန်း ၁ ၀.၆**%** - အိမ်ထောင်စုတစ်ခုသာ စက်အုပ်လုပ်ငန်းလုပ်ကိုင်ပါသည်။
- အလုပ်သမား၊ ကျပန်း၊

ရာသီအလိုက် အလုပ်သမား

- မိသားစုဝင်လုပ်အား

---

၁၀ **လက်လီ–လက်ကား ရောင်းဝယ်ရေး**

- ကိုယ်ပိုင် လုပ်ငန်း ၁၃ ၇.၇၄% – လက်လီဆိုင် ၁၃ဆိုင်ရှိပြီး ဆိုင်များတွင် ကုန်မျိုးစုံ၊ စားကုန်၊ ကုန်စိမ်း၊ ကွမ်းယာဆိုင်စသည်တို့ ပါဝင်သည်။
- အလုပ်သမား၊ ကျပန်း
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၁ **ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၂ **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၃ ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၄ **အိမ်ခြံမြေရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၅ **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၆ **ပညာရေး**

- ကိုယ်ပိုင်လုပ်ငန်း – ပညာရေးဝန်ထမ်းအဖြစ်လုပ်ကိုင်သူ (၃)ဦးရှိပါသည်။
- အလုပ်သမား၊ ကျပန်း၊ ၃ ၁.၈%
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၇ **ကျန်းမာရေး**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား ၁ ၀.၆ % – ကျန်းမာရေးဝန်ထမ်းအဖြစ်ခဲ့ဦးလုပ်ကိုင်ပါသည်။
- မိသားစုဝင်လုပ်အား

---

၁၈ **လူမှုရေးလုပ်ငန်းများ**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၉ **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၂၀ **ပြင်ပ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊

ရာသီအလိုက် အလုပ်သမား

- မိသားစုဝင်လုပ်အား

စုစုပေါင်း	**၁၆၈**	**၁၀၀%**

ရည်ညွှန်း . . . ကျေးရွာအခြေအနေကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၈ခုနှစ်)

(၁.၃)စိုက်ပျိုးနိုင်သောမြေဧရိယာ

(၁.၃.၁)ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

ဧယား (၃) ဆိုင်းတောင်(ရွာဟောင်း)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုး

မြေအမျိုးအစား	**ဧရိယာ ဧက**	**မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့**	**ဆည်ရေရှိမှု (ရ/မရ/အနည်းကျဉ်း)**	**ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေး နိုင်သည့်ဧက)**
လယ်မြေ	-	-	-	-
ယာမြေ	၁၀၁	သင့်	မရရှိ	ကျေးရွာအနီးရှိ စိမ့်စမ်းရေများမှ ရေပိုက်များဖြင့် သွယ်ယူရရှိ စိုက်ခင်းအားလုံး
ဥယျာဉ်ခြံမြေ	၆၉.၅	သင့်	မရရှိ	စိမ့်စမ်းရေ ပိုက်ဖြင့် သွယ်ယူ ရရှိ
အိမ်ခြံဝင်းစိုက်ခင်း	-	-	-	-
မြေလွတ်/လပ်	-	-	-	- -
စုစုပေါင်း	**၁၇၀.၅**	**-**	**-**	**-**

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၅လ၊ ၂၀၁၈ခုနှစ်)

(၁.၃.၂) ဓါတ်သတ္တုနှင့်အခြားဘဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမှီ)**
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ကျောက်စိမ်း၊ရွှေ)စသည့်	သင့်	ခက်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	နည်း	ခက်

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (ရက်၊ ၅လ၊ ၂၀၁၈ခုနှစ်)

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင့်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ အိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၅ကေနှင့်အထက်	၃ကေနှင့်၁၀ကေကြား	၃ကေအောက်	မပိုင်

အိမ်အခြေအနေ	နှစ်ထပ်၊သစ်သားခင်း၊ သစ်သားကာ၊သွပ်မိုး	သစ်သားခင်း၊သစ်သားကာ၊ ဝါးထရံကာ၊သွပ်မိုး	သစ်သားခင်း၊ဝါးထရံခင်း ဝါးထရံကာ၊သွပ်မိုး၊	ကြမ်းခင်း၊ဝါးထရံကာ၊ မိုးကာမိုး၊သွပ်မိုး
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ရေစုပ်စက်၊မြက်ရိတ်စက်	ရေစုပ် စက်၊ မြက်ရိတ်စက်	ရေစုပ်စက်၊မြက်ရိတ်စက်	မပိုင်
ကုန်ထုတ်လုပ်မှုနှင့်မိုင်သော ပိုင်ဆိုင်မှု	စီးပွားဖြစ်အရက်ချက်သူ	တစ်ပိုင်တစ်နိုင်အရက်ချက်သူ	မိသားစုဝင်ဖြင်သာ အရက်ချက်သူ	မပိုင်

အဓိကစီးပွားရေးလုပ်ငန်း၊ တစ်နှစ်ဝင်ငွေ	ဈေးဆိုင်၊ငွေတိုးချေးစားသူ ကျောက်စိမ်း၊ရွှေရောင်း/ဝယ်	ဈေးရောင်း ကျောက်စိမ်း၊ရွှေရှာသူ	ကျပန်းအလုပ် ရေမဆေးကျောက်ရှာ	ကျပန်းအလုပ် ရေမဆေးကျောက်ရှာ
အခြားပိုင်ဆိုင်မှု	ကား၊ဆိုလာ၊ဖုန်း၊တီဗီ၊ မော်တော်ဆိုင်ကယ်၊ဒီဇယ် အင်ဂျင်၊သုံးဘီးဆိုင်ကယ်၊	ဖုန်း၊တီဗီ၊သုံးဘီးဆိုင်ကယ် မော်တော်ဆိုင်ကယ်၊ဆိုလာ	ဖုန်း၊ဆိုလာ၊တီဗီ၊ မော်တော်ဆိုင်ကယ်	ဖုန်း၊ မော်တော်ဆိုင်ကယ်

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

(ရက်၊ ၂လ၊ ၂၀၁၈ခုနှစ်)

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဆင်းရဲအိမ်ထောင်စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စုပေါင်း၏ ၃၀%ဖြစ်သော ဆင်းရဲသောအိမ်ထောင်စုနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စု (၅၀)စု တို့ကို တွေ့ဆုံဆန်းစစ်မှုအရ ၀.၆%ဖြစ်သော အိမ်ထောင်စု (၁)သည် သူတစ်ပါးထံမှမချေးမငှားပဲ နပ်မှန်မစားသောက်နိုင်ကြောင်းတွေ့ရှိရပါသည်။

ဇယား (၆) ဆိုင်းတောင်(ရွာဟောင်း)ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

ကာလ	**အိမ်ထောင်စုအရေအတွက်**	**%**	**ဖြေရှင်းကျော်လွှားပုံ**

၃လအောက်	၁၀	၂၀%	ရိက္ခာအတွက် ကြိုတင်ငွေချေးယူကာ လုပ်အားခရလျှင်ရချင်း ပြန်လည်ပေးဆပ်ရသည်။
၃လမှ၆လ	၁၈	၃၆%	ရိက္ခာအတွက် ကြိုတင်ငွေချေးယူကာ လုပ်အားခရလျှင်ရချင်း ပြန်လည်ပေးဆပ်ရသည်။
၆လမှ၁၂လ	၂၂	၄၄%	ရိက္ခာအတွက် ငွေချေးယူကာ အလုပ်မှ
(သို့)မွေးမြူရေးတိရစ္ဆာန်			ရောင်းခရသည့်ဝင်ငွေများဖြင့် ပြန်လည်ပေးဆပ်ကြသည်။

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၅လ၊ ၂၀၁၈ခုနှစ်)

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	**ရှင်းလင်းချက်/ဖော်ပြချက်**	**ကျား**	**မ**	**ပေါင်း**
သက်ကြီးရွယ်အို ဖ၀နှင့်အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၁	-	၁
မသန်စွမ်းသည့်ပုဂ္ဂိုလ်	မိသားစု/ရပ်ကွက်၏စောင့်ရှောက်မှုမရှိ	-	-	-
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍ မိသားစုဦးရေများ		၁၀	
အမျိုးသားဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍ မိသားစုဦးရေများ			
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြောမြင့်စွာသွားရောက်နေထိုင်			
	လုပ်ကိုင်နေသူ		-	

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၈ခုနှစ်)

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	ဆင်းရဲအိမ်ထောင်စုအနည်းငယ်သည်
လုပ်အားမှဝင်ငွေဖြင့်			
	စားနပ်ရိက္ခာစရိတ်မဖူလုံမှုရှိတတ်သည်။		
၂	သဘာဝအရင်းအမြစ်ရှားပါးမှု	လတ်	စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ရန် မရရှိနိုင်
အကန့်အသတ်ရှိ			
	(မြေ၊စိုက်ပျိုးရေ. . .)		သည်။ စိမ့်စမ်းရေများ နည်းပါးလာသဖြင့်
	စိုက်ပျိုးရေ		
			မလုံလောက်မှု ကြုံတွေ့လာသည်။
၃	ရေကြီးခြင်း	လတ်	မြေစာများချောင်းထဲစီးဝင်သဖြင့် မိုးရာသီ
	ရေကြီးရေလျှံ		
			ကာ ကမ်းပါး ပြိုကျမှုများ ရှိသည်။
၄	မိုးခေါင်ခြင်း	နိမ့်	ကြီးမားသောမိုးခေါင်မှု မရှိသေးပါ။
၅	မုန်တိုင်း	နိမ့်	မုန်တိုင်းတိုက်ခတ်မှု အလွန် နည်းပါးသည်။
၆	ငလျင်	နိမ့်	ကြီးမားသောထိခိုက်ခံစားမှုမရှိသေးပါ။
၇	မီးဘေး	နိမ့်	ဖြစ်ပွားမှုအလွန်နည်းပါးသည်။
၈	ဆားငံရေဝင်မြေ	-	-
၉	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	နိမ့်	စိုက်ခင်းမြေများတွင် ဓါတ်မြေဩဇာ
	ထည့်သွင်းစိုက်ပျိုးမှု		
			များပြားသဖြင့် စိုက်ပျိုးမြေဆီလွှာများ ပျက်ယွင်းလာမှု

			ကြုံတွေ့ရသည်။
၁၀	သစ်တောပြုန်းတီးခြင်း သစ်လုပ် လျော့နည်း	လတ်	ကျောက်မျက်တူးဖော်ခြင်း၊ရွှေကျင်းခြင်းလုပ်ငန်း၊ ငန်း၊ ထင်းခုတ်ခြင်းများကြောင့် သစ်တောများ လာမှု ရှိသည်။
၁၁	၄ကျဖျားရောဂါ	လတ်	ယခုနှစ်ပိုင်းတွင် ရောဂါဖြစ်ပွားမှု လျော့နည်းလာသည်။
၁၂	သွေးလွန်တုတ်ကွေးရောဂါ	နိမ့်	ရောဂါဖြစ်ပွားမှုနည်းပါးသည်။
၁၃	တီဘီရောဂါ	နိမ့်	တီဘီရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ ရှိလာ	နိမ့်	ကျေးရွာသူ/သားများ ရောဂါဆိုင်ရာအသိအမြင်များ သဖြင့် ရောဂါဖြစ်ပွားမှုလျော့နည်းလာသည်။
၁၅	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	-	-
၁၆	လူကုန်ကူးခြင်း	-	-
၁၇	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ဖားကန့်မြို့နှင့်(၁၅)မိုင်အကွာခန့်တွင် တည်ရှိ ခက်ခဲ စသည်		လတ် ကျေးရွာသည် ကာ တောင်တက်တောင်ဆင်း မြေသားလမ်းဖြစ်သဖြင့် သွားလာရ အနည်းငယ်ခက်ခဲသည်။
၁၈	အခြား	-	-

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၈ခုနှစ်)

(၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ် မှော်နယ်မြေများ အလွယ်တကူဝယ်ယူရရှိနိုင်	လတ်	လူငယ်လူရွယ်များသည် ကျေးရွာအနီးရှိ သို့ ကျောက်ရှာလုပ်ကိုင်ကြကာ သည့် အရက်နှင့် မူးယစ်ဆေးစွဲမှုတို့ ရှိတတ်သည်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	လတ်	အလုပ်မှရငွေဖြင့်မိသားစုဝမ်းစားမဖူလုံမှု ရှိတတ်သည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	နိမ့်	စိုက်ပျိုးရေးလုပ်ငန်းအား စီးပွားဖြစ် လုပ်ကိုင်သူ နည်းပါးသည်။
၄	ဘဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသောဒေသ တွင်နေထိုင်သူ	-	-
၅	မြစ်ကမ်းဘေးနေလူသူများ မိုးရာသီ	နိမ့်	ချောင်းကမ်းဘေးရှိ အိမ်ထောင်စုအနည်းငယ်မှာ ကမ်းပါးပြိုကျမှု ကြုံတွေ့ရပါသည်။
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	-	မရှိ။
၇	ပြည်တွင်းနေရပ်စွန့်ခွာပြောင်းခံရသူများ (IDP)	-	မရှိ။

၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	မရှိ။
၉	ငါးကန်ပိုင်ရှင်	-	မရှိ။
၁၀	လက်လုပ်လက်စား၊ကျပန်းလုပ်ကိုင်	လတ်	ရေမဆေးကျောက်ရှာ။ရွှေကျင်းလုပ်ငန်းများတွင် သည့် အိမ်ထောင်စုမှာ ဝင်ငွေအတည်တကျမရှိသဖြင့် စားဝတ်နေရေး ခက်ခဲမှုရှိသည်။
၁၁	လူနည်းစုလူမျိုးများ	-	မရှိ။
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ	-	မရှိ။
၁၃	နယ်စပ်ဒေသ	-	မရှိ။
၁၄	ရွှေတွင်းလုပ်သား ရွှေကျင်း	လတ်	ရွှေကျင်းလုပ်ကိုင်သူများသည် ကုမ္ပဏီများကြောင့် မလုပ်နိုင်သဖြင့်စီးပွားရေးအဆင်မပြေကြပါ။.
၁၅	ဆေးစွဲသူများ	နိမ့်	မူးယစ်ဆေးစွဲသူများအတွက် လူငယ်ပြုပြင်ရေးစခန်းရှိ သော်လည်း ဆေးစွဲသူအချို့ ကျန်ရှိနေပါသည်။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	-	မရှိ။
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	-	မရှိ။
၁၈	ရွှေ့ပြောင်းလုပ်သားများ ရွှေ့ပြောင်းလုပ်ကိုင်ရသဖြင့်	နိမ့်	မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေအတည်တကျမရှိ အဆင်မပြေမှု ရှိပါသည်။
၁၉	ကားသမား	-	မရှိ။
၂၀	အခြား	-	မရှိ။

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၈ခုနှစ်)

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(၂.၁.၁)ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးပြဿနာများကိုပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကိုဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း	ဦးဆောင်ဖွဲ့စည်းသူ
	စွမ်းဆောင်နိုင်မှု	(၁/၂/၃)	ကျား	မ	ပေါင်း	တာဝန်	များ(၄/၅) (၆/၇/၈)
၁	ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့	၃	၇	၂	၉	ယဉ်ကျေးမှု	၄ ၆
၂	မြစိမ်းရောင်အဖွဲ့	၁	၄	၃	၇	ချေးငွေလည်ပတ်ရေး	၅ ၆
၃	ရှမ်းနီရိုးရာယဉ်ကျေးမှုအဖွဲ့	၃	၁၂	၆	၁၈	ယဉ်ကျေးမှု	၄ ၇
၄	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့	၂	၅	၄	၉	ငွေကြေး၊လူမှုဖွံ့ဖြိုးရေး	၄ ၆
၅	ဂေါပကအဖွဲ့	၃	၆	၂	၈	ဘာသာရေး၊ယဉ်ကျေးမှု	၄ ၇
၆	အပျိုၤလူပျိုၤ	၂	၁၅	၁၆	၃၁	သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး	၄ ၇

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

(ရက်၊ ဖေလ၊ ၂၀၁၈ခုနှစ်)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်

(၂) လူမှုရေးအဖွဲ့–ဥပမာ– အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့(အားနည်း)

(၂.၁.၂)ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများမှ လာရောက်ဖွဲ့စည်းထားမှု မရှိပါ။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

ဇယား (၁၁) နန့်စပိန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု%	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၄	၆၈%	မြေမဲ့ယာမဲ့
၂	၃ဧကအောက်	၂၃	၁၄%	ဆင်းရဲသားတောင်သူ

၃	၃၈ကမှ၅၈ကထိ	၁၈	၁၁%	တောင်သူငယ်
၄	၅၈ကမှ၁၅၈ကထိ	၁၃	၇%	တောင်သူလတ်
၅	၁၅၈ကအထက်	-	၀%	တောင်သူကြီး

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ဖေလ၊ ၂၀၁၈ခုနှစ်)

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၂) နန့်စပိန်းကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့်ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တစ်နိုင်ပတ်လုံး/ရာသီလိုက်)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-
၄	ဆည်မြောင်း	-	-	-
၅	အဝိစိတွင်း	-	-	-

၆	လက်ငင်ရေတွင်း	-	-	-
၇	စိမ့်စမ်းရေ	ကိုယ်ပိုင်	၁၀	တစ်နှစ်ပတ်လုံး

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၈ခုနှစ်)

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	**ဧက**	**ယူနစ်**	**သီးနှံထွက်မှု**			**သီးနှံစိုက်ပျိုး သည့်ကာလ**	**သွင်းအားစု လိုအပ်ချက် (နိမ့်/မြင့်/လတ်)**	**အမြတ်ရရှိနိုင်မှု (နိမ့်/မြင့်/လတ်)**	**မှတ်ချက်**
			အနည်းဆုံး	**အများဆုံး**	**ပျှမ်းမျှ**				
တောင်ယာစပါး	၁၀၁	တင်း	၄၀	၆၀	၅၀	၅လ	နိမ့်	နိမ့်	

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၆လ၊ ၂၀၁၈ခုနှစ်)

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၄) ဆိုင်းတောင်(ရွာဟောင်း)ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	**အိမ်ထောင်စုအရေအတွက်**	**ရွာပိုင်ဆိုင်မှု**	**မှတ်ချက်/အခြေအနေ**
ထွန်စက်		-	-
လက်တွန်းထွန်စက်	-	-	-

ရိတ်စက်	-	-	-
ရေစုပ်စက်	-	-	-
မြက်ရိတ်စက်	-	-	-

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၈ခုနှစ်)

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီဩဇာ)	မရှိ	စိုက်ပျိုးမြေအသင့်အတင့်ကောင်းမွန်သော်လည်း တိုးချဲ့ရန်မြေအလုံအလောက်မရှိ။
ရေအရင်းအမြစ်၊	ရှိ	
သဘာဝမြေဆွေး၊ဩဂဲနစ်ပိုးသတ်ဆေး၊ အသုံးပြုလာ	ရှိ	သဘာဝမြေဆွေးများအသုံးပြုနည်းပညာရရှိပါက စိုက်ပျိုးရေးအတွက် နိုင်သည်။
ဓါတ်မြေဩဇာ၊ဓါတုပိုးသတ်ဆေး	ရှိ	သီးနှံအထွက်တိုးစေရန် ဓါတ်မြေဩဇာများ အဓိကထည့်သွင်းစိုက်ပျိုးကြသည်။
ချေးငွေရရှိမှု	ရှိ	မြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှ ချေးငွေများရရှိနိုင်သည်။
